## ဂျပန်သတင်းထောက်သေဆုံးမှုအပေါ် တိုကျိုမြို့တော်ရဲတပ်ဖွဲ့ အစီရင်ခံစာထုတ်ပြန်
## ၂၆ နိုဝင်ဘာ ၂၀၀၇

မြန်မာနိုင်ငံမှာသေဆုံးခဲ့တဲ့ ဂျပန်သတင်းထောက် ခန်းဂျိနာဂါအိ သေဆုံးခဲ့တာဟာ သူ့နဲ့အနီးဆုံး မြန်မာစစ်သားရဲ့ တမီတာအတွင်းက ပစ်ခတ်တာကို ခံခဲ့ရတာလို့ တိုကျိုမြို့တော် ရဲတပ်ဖွဲ့က အစီရင်ခံစာ ထုတ်ပြန်ပါတယ်။ အသေးစိတ်ကို ကိုရော်နီငြိမ်းက တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလက မြန်မာနိုင်ငံမှာ ငြိမ်းချမ်းစွာဆန္ဒပြနေတာကို သတင်းယူနေတဲ့ ဂျပန်နိုင်ငံ အေပီအက်ဖ်သတင်းဌာနရဲ့သတင်းထောက် မစ္စတာခန်းဂျိနာဂါအိ မြန်မာစစ်သားရဲ့ အနီးကပ် ပစ်သတ်ခံရတာနဲ့ ပတ်သက်ပြီး တိုကျိုမြို့တော် ရဲတပ်ဖွဲ့ရဲ့ အစီရင်ခံစာ ထွက်ရှိလာခဲ့ပါပြီ။ မစ္စတာနာဂါအိဟာ သူနဲ့ အနီးဆုံးနေရာမှာ ရှိနေတဲ့ မြန်မာစစ်သားရဲ့ တမီတာအကွာအဝေးအတွင်းကနေ ပစ်သတ်ခြင်းခံခဲ့ရတယ်လို့ တိုကျိုမြို့တော် ရဲတပ်ဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့အကြောင်း ဂျပန်နိုင်ငံ ကျိုဒိုသတင်းဌာနရဲ့သတင်းမှာ ရေးသားထားပါတယ်။

တိုကျိုမြို့တော်ရဲတပ်ဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သုတေသနအဖွဲ့အစည်းတခုရဲ့ အကူအညီကိုရယူပြီး မစ္စတာနာဂါအိပစ်သတ်ခံရတဲ့ ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းများစွာကို လေ့လာကြည့်ရှုစစ်ဆေးပြီးမှ ဒီအစီရင်ခံစာကို ထုတ်ပြန်ခဲ့တယ်လို့ ဆိုပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန Councilor Office Bureau က မစ္စတာ ခဲအိချိယိုကိုတက ဗွီအိုအေကို အခုလို ရှင်းပြခဲ့ပါတယ်။

"သူတို့ဟာ မြန်မာအစိုးရဆီကနေ အခုလို ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းတွေကို ရရှိခဲ့တာ မဟုတ်ဘဲနဲ့ ဂျပန်ရုပ်မြင်သံကြားဌာနတွေကနေ ပြသနေတဲ့ မစ္စတာခန်းဂျိနာဂါအိ ပစ်သတ်ခံရတဲ့သတင်းနဲ့ ပတ်သက်တဲ့ ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းတွေကို ကြည့်ရှုစစ်ဆေးခဲ့တာလို့ ဆိုပါတယ်။ မြန်မာအစိုးရဆီကတော့ ဘာအကူအညီမှ မရနိုင်တဲ့အတွက် ဒီဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းတွေကို မတောင်းခံခဲ့ဘူး" လို့ ဆိုပါတယ်။

"မစ္စတာခန်းဂျိနာဂါအိ ပစ်သတ်ခံပြီးကာစမှာ မြန်မာနိုင်ငံကိုသွားရောက်ခဲ့တဲ့ ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးရဲ့ မေတ္တာရပ်ခံချက်ကို မြန်မာစစ်အစိုးရက မကြာမီအတွင်းမှာ တရားဝင် ရှင်းလင်းဖော်ပြချက် အစီရင်ခံစာ ထုတ်ပြန်ပေးပါမယ်လို့ပဲ ရန်ကုန်မြို့မှာရှိတဲ့ ဂျပန်သံရုံးကတဆင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကို အကြောင်းကြားထားတယ်" လို့ဆိုပါတယ်။

"မစ္စတာနာဂါအိရဲ့ နောက်ထပ်ဗွီဒီယိုကင်မရာတလုံးကို မြန်မာစစ်အစိုးရက သိမ်းဆည်းထားတာနဲ့ပတ်သက်ပြီးတော့ ဘာမှတုံ့ပြန်ခြင်းမရှိဘူးလို့ ဆိုပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနဟာ မကြာခင်မှာ မြန်မာအစိုးရရဲ့ တရားဝင် ရှင်းလင်းဖော်ပြချက် အစီရင်ခံစာကို ရရှိတော့မယ်ဆိုပြီး စောင့်ဆိုင်းနေတဲ့အကြောင်း" ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန Councilor Office Bureau က မစ္စတာ ခဲအိချိယိုကိုတက ဗွီအိုအေကို ရှင်းလင်းပြောပြသွားတာပါ။